DEPARTMENT OF CHILDREN, YOUTH, AND FAMILIES (DCYF)

# ဘေးကင်းလုံခြုံရေး အကဲဖြတ်မှု / ဘေးကင်းလုံခြုံရေး အစီအစဉ်

**Safety Assessment / Safety Plan**

ကလေးတစ်ဦး ဘေးကင်းလုံခြုံမှုရှိ၊ မရှိကို ဖော်ထုတ်သိရှိရန် အမှုကိစ္စသက်တမ်းကာလတစ်လျှောက် ဘေးကင်းလုံခြုံရေး အကဲဖြတ်မှုကို အသုံးပြုပါသည်။ ၎င်းသည် အကဲဖြတ်မှုပြီးစီးချိန်တွင် ရရှိနိုင်သော မိသားစုနှင့်ပတ်သက်သည့် အချက်အလက်အပြည့်အစုံအပေါ် အခြေခံထားသည်။ DCYF မူဝါဒနှင့်အညီ ဘေးကင်းလုံခြုံရေး အကဲဖြတ်မှု/ဘေးကင်းလုံခြုံရေး အစီအစဉ်ကို ပြီးမြောက်အောင် ဆောင်ရွက်ပါ။

| အမှုကိစ္စအမည် / ID | စာရင်းသွင်းလက်ခံမှု ID | ဘေးကင်းလုံခြုံမှုရှိ၊ မရှိ ဆုံးဖြတ်ချက် |
|---|---|---|
| | | |

| ပါဝင်သူများ (ID) | မွေးသက္ကရာဇ် | |
|---|---|---|
| | | ဘေးကင်းလုံခြုံရေး အစီအစဉ် |
| | | |
| | | အကဲဖြတ်မှု ဆောင်ရွက်သည့် ရက်စွဲ |
| | | |
| | | |

| လူမှုဝန်ဆောင်မှု ကျွမ်းကျင်ပညာရှင် | ဖုန်းနံပါတ် | အကဲဖြတ်မှု အမျိုးအစား |
|---|---|---|
| | | |

**ကလေးဘေးကင်းလုံခြုံမှုရှိ၊ မရှိ အကဲဖြတ်ရန် လိုအပ်သော အချက်အလက် - အချက်အလက်စုဆောင်းခြင်း ရည်ရွယ်ချက်များအတွက်သာ။**
**မီးခိုးရောင်ဧရိယာကို အမှုကိစ္စအကဲဖြတ်မှုတွင် ထည့်သွင်းရန် လိုအပ်သည်။**
**မီးခိုးရောင်ဧရိယာကို ဘာသာမပြန်ရပါ။**

နှိပ်စက်ညှဉ်းပန်းမှု၏ သဘောသဘာဝနှင့် အတိုင်းအတာကို ဖော်ပြပါ-

နှိပ်စက်ညှဉ်းပန်းမှုနှင့်အတူ ပေါ်ပေါက်လာသည့် အခြေအနေများကို ဖော်ပြပါ-

ကလေး သို့မဟုတ် ကလေးများ၏ နေ့စဉ်လှုပ်ရှားဆောင်ရွက်ပုံကို ဖော်ပြပါ-

| |
|---|
| မိဘ / ပြုစုစောင့်ရှောက်သူ(များ)က ကလေးအား မည်သို့ဆုံးမသည်ကို ဖော်ပြပါ- |
| မိဘအုပ်ထိန်းမှု / ကလေးစောင့်ရှောက်မှုဆိုင်ရာ ယေဘုယျအလေ့အထများကို ဖော်ပြပါ - |
| မိဘ / ပြုစုစောင့်ရှောက်သူ(များ)က သူ / သူမ၏ နေ့စဉ်ဘဝကို စီမံခန့်ခွဲပုံအား ဖော်ပြပါ (ဤမေးခွန်းသည် မိဘအခန်းကဏ္ဍမှမဟုတ်ဘဲ အရွယ်ရောက်လူကြီးတစ်ဦး၏ အခန်းကဏ္ဍမှနေ၍ မိဘဖြစ်သူ၏ လုပ်ဆောင်ပုံကို အဓိကထားသည်- |

**ဘေးကင်းလုံခြုံရေး စံနှုန်းသတ်မှတ်ချက်**

အောက်ပါ 1 မှ 5 အထိတွင် ထည့်သွင်းရန် ဖော်ထုတ်တွေ့ရှိထားသော ဘေးကင်းရေး ခြိမ်းခြောက်မှု(များ)နှင့် ပတ်သက်သည့် အချက်အလက်များအပြင် ဤအချက်အလက်များကို အကန့်အသတ်မရှိ ဖော်ပြပေးပါ-

- ဘေးကင်းရေး ခြိမ်းခြောက်မှု ဘယ်လိုဖြစ်ခဲ့သလဲ သို့မဟုတ် ၎င်းက ကလေးအပေါ် ဘယ်လို ပြင်းထန်သော ထိခိုက်မှုများ ရှိစေမလဲ။
- လက်ရှိဘေးကင်းရေးအပေါ် ဘယ်လိုခြိမ်းခြောက်မှုရှိသလဲ သို့မဟုတ် မဝေးတော့သော အနာဂတ်တွင် ဘယ်လိုခြိမ်းခြောက်လာနိုင်မလဲ။
- ဘေးကင်းရေး ခြိမ်းခြောက်မှုအပေါ် ကလေး၏ ခုခံနိုင်စွမ်းအားနည်းမှု။
- အိမ်တွင်း ခြိမ်းခြောက်မှုကို တားဆီးနိုင်သည့် တာဝန်ရှိသော မိဘ/ပြုစုစောင့်ရှောက်သူ သို့မဟုတ် အရွယ်ရောက်လူကြီးတစ်ဦး မရှိရသည့် အကြောင်းရင်း။
- ခြိမ်းခြောက်မှုရှိကြောင်း ရှင်းရှင်းလင်းလင်း နားလည်သိမြင်နိုင်စေသည့် တွေ့မြင်ခဲ့သော သီးခြားအပြုအမူများ၊ အခြေအနေများ စသည်။

**ဘေးကင်းရေး ခြိမ်းခြောက်မှုများ**

| | ဟုတ်သည် | မဟုတ်ပါ |
|---|---|---|
| 1. မိသားစု / အဆောက်အအုံ၏ *အခြေအနေ*ကြောင့် ကလေးအား ဘေးကင်းလုံခြုံကြောင်း သေချာစေရန် မိဘအုပ်ထိန်းမှု / ကလေးစောင့်ရှောက်မှု တာဝန်များနှင့် ဝတ္တရားများကို လုပ်ဆောင်သော အရွယ်ရောက်လူကြီးများက အိမ် / အဆောက်အအုံတွင် ရှိမနေခြင်းဖြစ်သည်<br>အသေးစိတ်ရှင်းလင်းဖော်ပြပါ- | ☐ | ☐ |
| 2. မိသားစု / အဆောက်အအုံ၏ *အခြေအနေ*ကြောင့် နေထိုင်မှု / ကလေးစောင့်ရှောက်မှု အစီအစဉ်(များ)သည် ကလေး၏ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးအပေါ် ပြင်းထန်စွာ အန္တရာယ်ရှိစေသည်<br>အသေးစိတ်ရှင်းလင်းဖော်ပြပါ- | ☐ | ☐ |
| 3. ပြုစုစောင့်ရှောက်သူ(များ)သည် ရုန့်ရင်းကြမ်းတမ်းစွာ သို့မဟုတ် အန္တရာယ်ရှိစွာ ပြုမူဆောင်ရွက်နေပြီး ယင်းအပြုအမူများသည် ကလေး၏ဘေးကင်းလုံခြုံရေးကို ထိခိုက်စေပါသည်။ | ☐ | ☐ |

| | | |
|---|---|---|
| 4. ကလေး၏ ဘေးကင်းလုံခြုံရေးကို ထိခိုက်စေသည့် အိမ်တွင်းအကြမ်းဖက်မှုဖြစ်ရပ် ရှိခဲ့သည်။<br>"ဟုတ်သည်" ဟု ဖြေထားပါက အောက်ပါမေးခွန်းများကို ဖြည့်စွက်ပါ။ | ☐ | ☐ |
| a. အိမ်တွင်းအကြမ်းဖက်မှု ကျူးလွန်သူသည် ကျူးလွန်ခံရသည့် အရွယ်ရောက်သူ / ကလေး၏ပြုစုစောင့်ရှောက်သူအပေါ် ပြင်းထန်သော ထိခိုက်မှု ဖြစ်စေခဲ့သည် သို့မဟုတ် ထိခိုက်စေရန်ခြိမ်းခြောက်မှုများ ပြုလုပ်ခဲ့သည် | ☐ | ☐ |
| b. အိမ်တွင်းအကြမ်းဖက်မှု ကျူးလွန်သူသည် ကလေးအပေါ် ပြင်းထန်စွာ ထိခိုက်စေခဲ့သည် သို့မဟုတ် ပြင်းထန်စွာထိခိုက်စေရန် ခြိမ်းခြောက်ခဲ့သည်။ | ☐ | ☐ |
| c. ကျူးလွန်ခံရသည့် အရွယ်ရောက်သူ သို့မဟုတ် ကလေးအပေါ် အကြမ်းဖက်မှုနှင့်/သို့မဟုတ် ခြိမ်းခြောက်မှုအဆင့် ပိုမိုဆိုးရွားလာသောကြောင့် ပြင်းထန်သော ထိခိုက်မှု ဖြစ်ပေါ်လာနိုင်ခြေရှိသည် | ☐ | ☐ |
| d. အိမ်တွင်းအကြမ်းဖက်မှု ကျူးလွန်သူတွင် တစ်နေ့ထက်တစ်နေ့ ဆိုးရွားလာသည့် အန္တရာယ်များဖြစ်သည့် သတ်သေရန် ခြိမ်းခြောက်မှုများ သို့မဟုတ် ကြိုးပမ်းမှုများ၊ မူးယစ်ဆေးအလွန်အကျွံသုံးစွဲခြင်း သို့မဟုတ် လက်နက်ဖြင့် ခြိမ်းခြောက်ခြင်းစသည်တို့ကို အရိပ်အယောင်ပြသည့် စိုးရိမ်ဖွယ် လက္ခဏာများ ရှိပါသည်။<br>အသေးစိတ်ရှင်းလင်းဖော်ပြပါ- | ☐ | ☐ |
| 5. ပြုစုစောင့်ရှောက်သူ(များ)သည် ၎င်းတို့၏ *အပြုအမူ*ကို ထိန်းချုပ်မည် သို့မဟုတ် ထိန်းချုပ်နိုင်မည် မဟုတ်သည့်အပြင် ၎င်းတို့၏ *အပြုအမူ*သည် ကလေး၏ ဘေးကင်းလုံခြုံရေးကို ထိခိုက်စေပါသည်။<br>အသေးစိတ်ရှင်းလင်းဖော်ပြပါ- | ☐ | ☐ |
| 6. ပြုစုစောင့်ရှောက်သူ(များ)သည် ကလေးအပေါ် *အလွန်*ဆိုးရွားသည့် အသုံးအနှုန်းများဖြင့် ဖော်ပြသည်<br>အသေးစိတ်ရှင်းလင်းဖော်ပြပါ- | ☐ | ☐ |
| 7. ကလေးအပေါ် ချက်ချင်းပြင်းထန်စွာထိခိုက်စေသည့် ခြိမ်းခြောက်မှုဖြစ်သော ကလေး၏ လက်ရှိအခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် လိုအပ်သော အရင်းအမြစ်များ ပြုစုစောင့်ရှောက်သူ(များ)တွင် မရှိကြပါ သို့မဟုတ် ၎င်းတို့ကို အသုံးမပြုကြပါ။<br>အသေးစိတ်ရှင်းလင်းဖော်ပြပါ- | | |
| 8. ပြုစုစောင့်ရှောက်သူ၏ *စိတ်နေသဘောထားများ၊ စိတ်ခံစားမှုများ*နှင့် *အပြုအမူ*သည် ကလေးအား ပြင်းထန်စွာထိခိုက်စေရန် ခြိမ်းခြောက်နေသည် သို့မဟုတ် ပြုစုစောင့်ရှောက်သူ(များ)သည် ကလေးအား နှိပ်စက်ညှဉ်းပန်းမိမည်ကို စိုးရိမ်၍ နေရာချထားပေးရန် တောင်းဆိုနေပါသည်<br>အသေးစိတ်ရှင်းလင်းဖော်ပြပါ- | ☐ | ☐ |
| 9. ပြုစုစောင့်ရှောက်သူ(များ)သည် ကလေးအား ပြင်းထန်စွာ ထိခိုက်နာကျင်စေရန် ရည်ရွယ်(ခဲ့)ပါသည်<br>အသေးစိတ်ရှင်းလင်းဖော်ပြပါ- | ☐ | ☐ |
| 10. ပြုစုစောင့်ရှောက်သူ(များ)တွင် ကလေးအား ဘေးကင်းလုံခြုံကြောင်း သေချာစေရန် လိုအပ်သော မိဘအုပ်ထိန်းမှုဆိုင်ရာ အသိပညာ၊ ကျွမ်းကျင်မှု သို့မဟုတ် စိတ်အားထက်သန်မှု မရှိပါ<br>အသေးစိတ်ရှင်းလင်းဖော်ပြပါ- | ☐ | ☐ |
| 11. ပြုစုစောင့်ရှောက်သူ(များ)သည် DCYF ကြားဝင်ဆောင်ရွက်ခြင်းကို ပြတ်ပြတ်သားသား ငြင်းဆိုသည်၊ ကလေးတစ်ဦးထံ အကူအညီပေးခွင့်ကို ငြင်းပယ်သည် သို့မဟုတ် ပြုစုစောင့်ရှောက်သူ(များ)သည် ထွက်ပြေးမည်ဟူသော အရိပ်အယောင်အချို့ ရှိနေသည် | ☐ | ☐ |
| 12. ပြုစုစောင့်ရှောက်သူ(များ)သည် ကလေး၏ အများနှင့်မတူကွဲပြားသည့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ဆေးဘက်ဆိုင်ရာ သို့မဟုတ် အပြုအမူဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနေခြင်းမရှိပါ၊ ဖြည့်ဆည်းမပေးနိုင်ပါ သို့မဟုတ် ဖြည့်ဆည်းပေးလိမ့်မည်မဟုတ်ပါ<br>အသေးစိတ်ရှင်းလင်းဖော်ပြပါ- | ☐ | ☐ |

| | | |
|---|---|---|
| 13. ပြုစုစောင့်ရှောက်သူ(များ)သည် ကလေး၏ ထိခိုက်ဒဏ်ရာများ သို့မဟုတ် နှိပ်စက်ညှဉ်းပန်းခံရသည့် အခြေအနေ(များ)ကို မရှင်းပြနိုင်ပါ သို့မဟုတ် ရှင်းပြမည်မဟုတ်ပါ သို့မဟုတ် ရှင်းပြချက်သည် ဖြစ်ရပ်မှန်အချက်အလက်များနှင့် ကိုက်ညီမှုမရှိပါ<br>အသေးစိတ်ရှင်းလင်းဖော်ပြပါ- | ☐ | ☐ |
| 14. နှိပ်စက်ညှဉ်းပန်းခံရခြင်းကြောင့် ကလေးတွင် ပြင်းထန်သော ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာများ သို့မဟုတ် ပြင်းထန်သော ရုပ်ပိုင်းဆိုင်ရာ အခြေအနေများ ရှိပါသည်။<br>အသေးစိတ်ရှင်းလင်းဖော်ပြပါ- | ☐ | ☐ |
| 15. ကလေးသည် ပြင်းထန်သော စိတ်ပိုင်းဆိုင်ရာ လက္ခဏာများ၊ မိမိကိုယ်ကို နာကျင်စေလိုသော အပြုအမူနှင့်/သို့မဟုတ် အပြုအမူဆိုင်ရာ ထိန်းချုပ်နိုင်စွမ်းမရှိခြင်းကို ပြသပြီး ပြုစုစောင့်ရှောက်သူများမှ အန္တရာယ်ရှိသော တုံ့ပြန်မှုများကို ပြုလုပ်လာစေနိုင်သည်<br>အသေးစိတ်ရှင်းလင်းဖော်ပြပါ- | ☐ | ☐ |
| 16. ကလေးသည် အိမ် / အဆောက်အအုံ၏ အခြေအနေ သို့မဟုတ် အိမ် / အဆောက်အုံအတွင်းမှ လူများကို အလွန်ကြောက်ပါသည်။<br>အသေးစိတ်ရှင်းလင်းဖော်ပြပါ- | ☐ | ☐ |
| 17. ကလေးသူငယ် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခံရမှုနှင့်ပတ်သက်၍ သံသယရှိသည်၊ ထိုကဲ့သို့ဖြစ်ရပ်မျိုး ဖြစ်ပွားခဲ့ပြီးဖြစ်သည် သို့မဟုတ် အခြေအနေများအရ လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခံရမှု ဖြစ်ပွားနိုင်ဖွယ်ရှိကြောင်း ညွှန်ပြနေသည်။<br>အသေးစိတ်ရှင်းလင်းဖော်ပြပါ- | ☐ | ☐ |

**ဘေးကင်းလုံခြုံရေး အစီအစဉ် ဆန်းစစ်ချက်**

| | ဟုတ်သည် | မဟုတ်ပါ |
|---|---|---|
| • အိမ်တွင် မိဘ/ပြုစုစောင့်ရှောက်သူ သို့မဟုတ် အရွယ်ရောက်လူကြီးတစ်ဦး ရှိသည် | ☐ | ☐ |
| • နေအိမ်သည် ဘေးကင်းလုံခြုံရေး ဝန်ဆောင်မှုပေးသူများ အိမ်တွင်အလုပ်လုပ်နိုင်စေမည့် အတိုင်းအတာအထိ တည်ငြိမ်အေးချမ်းမှုရှိသည်။ | ☐ | ☐ |
| • အိမ်တွင်းရှိ အရွယ်ရောက်လူကြီးများသည် ပူးပေါင်းဆောင်ရွက်ရန်နှင့် နေအိမ်တွင်း ဘေးကင်းလုံခြုံရေး အစီအစဉ်ကို လုပ်ဆောင်ခွင့်ပြုရန် သဘောတူပါသည်။ | ☐ | ☐ |
| • လုံလောက်သော၊ သင့်လျော်သော၊ ယုံကြည်စိတ်ချရသော အရင်းအမြစ်များ ရရှိနိုင်ပြီး ဘေးကင်းလုံခြုံရေး ဝန်ဆောင်မှုများ / အလုပ်တာဝန်များကို စီစဉ်ဆောင်ရွက်ပေးရန် ဆန္ဒရှိပါသည် | ☐ | ☐ |

အထက်ပါဖော်ပြချက် လေးခုစလုံးအတွက် “ဟုတ်သည်” ကို ရွေးချယ်ပါက နေအိမ်တွင်း ဘေးကင်းလုံခြုံရေး အစီအစဉ် (DCYF 15-259) ကို ရေးဆွဲဖန်တီးရပါမည်။

အထက်ပါဖော်ပြချက် လေးခုအနက်မှ တစ်ခုခုတွင် "မဟုတ်ပါ" ကို ရွေးချယ်ပါက နေအိမ်ပြင်ပ ဘေးကင်းလုံခြုံရေး အစီအစဉ်ကို ရေးဆွဲဖန်တီးရပါမည်။

| ကြီးကြပ်ရေးမှူး၏ အတည်ပြုချက် | ရက်စွဲ |
|---|---|
| | |

DEPARTMENT OF CHILDREN, YOUTH, AND FAMILIES (DCYF)

# ဘေးကင်းလုံခြုံရေး အစီအစဉ်

## Safety Plan

☐ နေအိမ်တွင်း ဘေးကင်းလုံခြုံရေး အစီအစဉ်
☐ နေအိမ်ပြင်ပ ဘေးကင်းလုံခြုံရေး အစီအစဉ်
☐ ဘေးကင်းလုံခြုံရေး အစီအစဉ် မလိုအပ်ပါ

ဘေးကင်းလုံခြုံရေး အကဲဖြတ်မှုတွင် ဖော်ပြထားသည့် ဘေးကင်းရေး ခြိမ်းခြောက်မှု(များ)ရှိသည့် ကလေးအားလုံးအတွက် ဘေးကင်းလုံခြုံရေး အစီအစဉ်ကို လိုအပ်ပါသည်။ ဘေးကင်းလုံခြုံရေး အစီအစဉ်သည် မိသားစုနှင့် DCYF တို့အကြား စာဖြင့်ရေးသားထားသော သဘောတူညီချက်တစ်ခုဖြစ်ပြီး ကလေးတစ်ဦးအတွက် ဘေးကင်းရေး ခြိမ်းခြောက်မှုများကို မည်သို့ ချက်ချင်းထိန်းချုပ်ပြီး စီမံခန့်ခွဲမည်ကို ဖော်ပြထားပါသည်။ မှတ်ချက်- နေအိမ်တွင်း ဘေးကင်းလုံခြုံရေး အစီအစဉ်ကို ရေးဆွဲဖန်တီးသည့်အခါ ဘေးကင်းလုံခြုံရေး အစီအစဉ် ဆန်းစစ်ချက်ပါ အောက်ပါသတ်မှတ်စံနှုန်းများနှင့် ကိုက်ညီရပါမည်။

- အိမ်တွင် အနည်းဆုံး မိဘ/ပြုစုစောင့်ရှောက်သူ သို့မဟုတ် အရွယ်ရောက်လူကြီးတစ်ဦး ရှိသည်။
- နေအိမ်သည် ဘေးကင်းလုံခြုံရေး ဝန်ဆောင်မှုပေးသူများ အိမ်တွင်အလုပ်လုပ်နိုင်စေမည့် အတိုင်းအတာအထိ တည်ငြိမ်အေးချမ်းမှုရှိသည်။
- အိမ်တွင်းရှိ အရွယ်ရောက်လူကြီးများသည် ပူးပေါင်းဆောင်ရွက်ရန်နှင့် နေအိမ်တွင်း ဘေးကင်းလုံခြုံရေး အစီအစဉ်ကို လုပ်ဆောင်ခွင့်ပြုရန် သဘောတူပါသည်။
- လုံလောက်သော၊ သင့်လျော်သော၊ ယုံကြည်စိတ်ချရသော အရင်းအမြစ်များ ရရှိနိုင်ပြီး ဘေးကင်းလုံခြုံရေး ဝန်ဆောင်မှုများ/အလုပ်တာဝန်များကို စီစဉ်ဆောင်ရွက်ပေးရန် ဆန္ဒရှိပါသည်။

| | |
|---|---|
| အမှုကိစ္စအမည် | အမှုကိစ္စနံပါတ် |
| အမှုကိစ္စဆောင်ရွက်ပေးသူ၏ အမည် | တယ်လီဖုန်းနံပါတ် |

| **ဘေးကင်းလုံခြုံရေး အစီအစဉ် ဆန်းစစ်ချက်** | **မွေးသက္ကရာဇ်** |
|---|---|
| | |
| | |
| | |
| | |

**ဘေးကင်းလုံခြုံရေး လုပ်ဆောင်ချက်များ / အလုပ်တာဝန်များ**

ဖော်ထုတ်တွေ့ရှိခဲ့သော ဘေးကင်းရေး ခြိမ်းခြောက်မှု(များ)-

| လုပ်ဆောင်ချက်များ / အလုပ်တာဝန်များ- | စတင်သည့်ရက်စွဲ | မျှော်မှန်းပြီးဆုံးမည့်ရက်စွဲ |
|---|---|---|
| | | |

မည်သည်တို့ကို ဆောင်ရွက်မည်နည်း (ကလေး၏ ဘေးကင်းရေးကို စီမံထိန်းချုပ်ရန်အတွက် ဆောင်ရွက်မည့် လုပ်ဆောင်ချက်များ / အလုပ်တာဝန်များ၊ အစီအစဉ် အလုပ်လုပ်ပုံ စသည်တို့ကို ဖော်ပြပါ)-

ဆောင်ရွက်မည့်ပုဂ္ဂိုလ်-

အကြိမ်ရေ (အချိန်များ၊ တစ်ပတ်တာနေ့ရက်များ စသည်၊ ခြိမ်းခြောက်မှုဖြစ်ပွားနိုင်ခြေရှိသော အချိန်အားလုံးကိုလည်း ထည့်သွင်းပါ)-

ဖော်ထုတ်တွေ့ရှိခဲ့သော ဘေးကင်းရေး ခြိမ်းခြောက်မှု(များ)-

| | | |
|---|---|---|
| လုပ်ဆောင်ချက်များ / အလုပ်တာဝန်များ- | စတင်သည့်ရက်စွဲ | မျှော်မှန်းပြီးဆုံးမည့်ရက်စွဲ |
| | | |
| မည်သည်တို့ကို ဆောင်ရွက်မည်နည်း (ကလေး၏ ဘေးကင်းရေးကို စီမံထိန်းချုပ်ရန်အတွက် ဆောင်ရွက်မည့် လုပ်ဆောင်ချက်များ / အလုပ်တာဝန်များ၊ အစီအစဉ် အလုပ်လုပ်ပုံ စသည်တို့ကို ဖော်ပြပါ)- | | |
| ဆောင်ရွက်မည့်ပုဂ္ဂိုလ်- | | |
| အကြိမ်ရေ (အချိန်များ၊ တစ်ပတ်တာနေ့ရက်များ စသည်၊ ခြိမ်းခြောက်မှုဖြစ်ပွားနိုင်ခြေရှိသော အချိန်အားလုံးကိုလည်း ထည့်သွင်းပါ)- | | |
| ဖော်ထုတ်တွေ့ရှိခဲ့သော ဘေးကင်းရေး ခြိမ်းခြောက်မှု(များ)- | | |
| လုပ်ဆောင်ချက်များ / အလုပ်တာဝန်များ- | စတင်သည့်ရက်စွဲ | မျှော်မှန်းပြီးဆုံးမည့်ရက်စွဲ |
| | | |
| မည်သည်တို့ကို ဆောင်ရွက်မည်နည်း (ကလေး၏ ဘေးကင်းရေးကို စီမံထိန်းချုပ်ရန်အတွက် ဆောင်ရွက်မည့် လုပ်ဆောင်ချက်များ / အလုပ်တာဝန်များ၊ အစီအစဉ် အလုပ်လုပ်ပုံ စသည်တို့ကို ဖော်ပြပါ)- | | |
| ဆောင်ရွက်မည့်ပုဂ္ဂိုလ်- | | |
| အကြိမ်ရေ (အချိန်များ၊ တစ်ပတ်တာနေ့ရက်များ စသည်၊ ခြိမ်းခြောက်မှုဖြစ်ပွားနိုင်ခြေရှိသော အချိန်အားလုံးကိုလည်း ထည့်သွင်းပါ)- | | |
| ဖော်ထုတ်တွေ့ရှိခဲ့သော ဘေးကင်းရေး ခြိမ်းခြောက်မှု(များ)- | | |
| လုပ်ဆောင်ချက်များ / အလုပ်တာဝန်များ- | စတင်သည့်ရက်စွဲ | မျှော်မှန်းပြီးဆုံးမည့်ရက်စွဲ |
| | | |
| မည်သည်တို့ကို ဆောင်ရွက်မည်နည်း (ကလေး၏ ဘေးကင်းရေးကို စီမံထိန်းချုပ်ရန်အတွက် ဆောင်ရွက်မည့် လုပ်ဆောင်ချက်များ / အလုပ်တာဝန်များ၊ အစီအစဉ် အလုပ်လုပ်ပုံ စသည်တို့ကို ဖော်ပြပါ)- | | |
| ဆောင်ရွက်မည့်ပုဂ္ဂိုလ်- | | |
| အကြိမ်ရေ (အချိန်များ၊ တစ်ပတ်တာနေ့ရက်များ စသည်၊ ခြိမ်းခြောက်မှုဖြစ်ပွားနိုင်ခြေရှိသော အချိန်အားလုံးကိုလည်း ထည့်သွင်းပါ)- | | |

| |
|---|
| မှတ်ချက်များ<br>မိဘတစ်ဦးစီအတွက် မိသားစုအချိန် ကြီးကြပ်မှုအဆင့် အထောက်အထားကို မှတ်တမ်းတင်ပါ။<br><br>(သက်ဆိုင်ရာ ဘေးကင်းလုံခြုံရေးနှင့်စပ်လျဉ်းသည့် အချက်အလက်များ- အိမ်ပြန်ခြင်း၊ ယာယီအိမ်ပြန်ခြင်း၊ အုပ်ထိန်းခွင့်မရှိသောမိဘနှင့် ပြန်လည်ပေါင်းစည်းခြင်း စသည်တို့အတွက် အခြေအနေများကို မှတ်တမ်းတင်ပါ။) |
| **စိုးရိမ်မှုများကို သတင်းပို့ခြင်း- အရေးပေါ်အခြေအနေဖြစ်လျှင် သို့မဟုတ် လက်ရှိ ဘေးကင်းရေး ခြိမ်းခြောက်မှုများ ရှိနေလျှင် 911 သို့ ဖုန်းခေါ်ဆိုပါ။** ဘေးကင်းလုံခြုံရေး အစီအစဉ်များနှင့်ပတ်သက်၍ မေးစရာများ သို့မဟုတ် စိုးရိမ်မှုများရှိပါက ပါဝင်သူများသည် ဤအစီအစဉ်၏ ထိပ်ဆုံးတွင်ပါရှိသော တယ်လီဖုန်းနံပါတ်ဖြင့် အမှုကိစ္စဆောင်ရွက်ပေးသူကိုဖြစ်စေ၊ ညနေပိုင်း သို့မဟုတ် စနေတနင်္ဂနွေပိတ်ရက်များနှင့် အားလပ်ရက်များတွင် **Central Intake၊ 1-866-363-4276** သို့ဖြစ်စေ ဆက်သွယ်သင့်သည်။ |
| |
| ဤသဘောတူညီချက်ကို လိုက်နာရန် ပျက်ကွက်ပါက မှီခိုကလေး အုပ်ထိန်းစောင့်ရှောက်မှုဆိုင်ရာ အသနားခံစာတင်သွင်း၍ ကလေး သို့မဟုတ် ကလေးများကို အိမ်ပြင်ပတွင် နေရာချထားရန် အကြံပြုခံရနိုင်သည်။ |
| **လက်မှတ်များ** |

| | |
|---|---|
| လက်မှတ် ရက်စွဲ | လက်မှတ် ရက်စွဲ |
| လက်မှတ် ရက်စွဲ | လက်မှတ် ရက်စွဲ |
| လက်မှတ် ရက်စွဲ | လက်မှတ် ရက်စွဲ |